**UNHCR ထိုင်းနိုင်ငံ**

**ဇွန်လ ၂၁ ရက် ၊၂၀၁၄ ခုနှစ်**

**ဒုက္ခသည်များ၏မေးနေကျမေးခွန်းများ**

## မိမိဆန္ဒအရနေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်း

ဒုက္ခသည်များမည်သည့်အချိန်တွင်စခန်းထဲမှထွက်ရမည်နည်း၊မြန်မာနိုင်သို့ပြန်လည်အခြေချနေထိုင်ခြင်းအတွက်အစီအစဉ်တစ်ခုခုရှိပါသလါး။

မိမိဆန္ဒအရနေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်းနှင့်ပတ်သက်၍အချိန်သတ်မှတ်ထားခြင်းမရှိသေးပါ။ဒုက္ခသည်တဦးတယောက်ချင်းစီအတွက်နေရပ်ရင်းသို့ပြန်လည်နေထိုင်ခြင်း၏အစီအစဉ်သည်ဒုက္ခသည်များနှင့်တိုင်ပင်ဆွေးနွေး၍သော်လည်းကောင်း၊သက်ဆိုင်ရာအဖွဲ့အစည်းနှင့်လည်းကောင်းဆက်လက်ဆောင်ရွက်မည့်အရာဖြစ်သည်။

စခန်းအတွင်းနေထိုင်သူဒုက္ခသည်များအားလုံးမြန်မာနိုင်ငံသို့ပြန်ရန်အတွက်မျှော်လင့်သလား။မြန်မာနိုင်ငံသို့မပြန်ချင်သောဒုက္ခသည်များအတွက်ရွေးချယ်နိုင်သည့်အခွင့်အရေးများရှိသလား။

နေရပ်ရင်းသို့ပြန်ခြင်း (မိမိဆန္ဒအရပြန်လည်အခြေချနေထိုင်ခြင်း) သည်တဦးချင်းတယောက်ချင်းစီ၏မိမိဆန္ဒအရဆုံးဖြတ်ချက်ဖြစ်သည်။တရားဝင်ကာကွယ်ရေးကိစ္စရပ်များအရမြန်မာနိုင်ငံသို့မပြန်နိုင်သောဒုက္ခသည်များအားအခြားသောရွေးချယ်မှုနည်းလမ်းများစူးစမ်းရှာဖွေပေးရမည်။

## <u>ပြန်လည်အခြေချနေထိုင်ခြင်း</u>

ယခုလက်ရှိဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းမခံရသေးသောဒုက္ခသည်များအတွက်အသိအမှတ်ပြုပေးရန်အစီအစဉ်တခုခုရှိပါသလား။

ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းမခံရသေးသောဒုက္ခသည်များအတွက်တော်ဝင်ထိုင်းအစိုးကမည်သည့်အစီအစဉ်မှမရှိပါ။

**တတိယနိုင်ငံပြန်လည်နေရာချထားရေးနှင့်ပတ်သက်ပြီးဘယ်လိုမြင်လဲ၊အရေအတွက်လျော့သွားမလား၊အသိအမှတ်ပြုခြင်းမခံရသေးသောဒုက္ခသည်များတတိယနိုင်ငံပြန်လည်နေရာချထားခြင်းအတွက်အခွင့်အရေးရှိအုံးမလား။**

တတိယနိုင်ငံပြန်လည်နေရာချထားခြင်းသည်အခွင့်အရေးတစ်ခုမဟုတ်ပါ။သို့သော်အချို့သောဒုက္ခသည်များအတွက်တရားဝင်ကာကွယ်ရေးကိစ္စရပ်များကြောင့်မိမိနေရပ်ရင်းသို့ပြန်ရန်မဖြစ်နိုင်သူများအားရွေးချယ်ရန်အတွက်နည်းလမ်းတစ်ခုဖြစ်သည်။

ထိုင်းနိုင်ငံ၏အခြေအနေအရ <u>တော်ဝင်ထိုင်းအစိုးရနှင့်ဒုက္ခသည်များဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံးတို့၏အသိအမှတ်ပြုခြင်းခံရသောသည့်ဒုက္ခသည်များ</u>ကိုသာတတိယနိုင်ငံအခြေချပြန်လည်နေရာချထားခြင်းအတွက်စဉ်းစားပေးမည်ဖြစ်သည်။

တတိယနိုင်ငံသို့ပြန်လည်နေရာချထားရေးနှင့်ပတ်သက်သောလက်ခံခြင်းနှင့်ပယ်ချခြင်းတို့အပေါ် မည်ကဲ့သို့သောဆုံးဖြတ်ချက်များရှိပါသနည်း။

ဒုက္ခသည်များတတိယနိုင်ငံပြန်လည်အခြေချနေရာချထားရေးနှင့်ပတ်သက်၍ဒုက္ခသည်များဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံး၏ဆုံးဖြတ်မှုများအရတစ်ဦးခြင်းတစ်ယောက်ခြင်းစီ၏ကာကွယ်ရမှုနှင့်သတ်မှတ်ထားသောအားနည်းချက်များအပေါ်မူတည်သည်။ပြန်လည်အခြေချနေရာချထားမည့်နိုင်ငံကမည်သူကိုလက်ခံမည်နှင့်ပယ်ချမည်ကိုၤင်းတို့၏ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများအရနောက်ဆုံးဆုံးဖြတ်ချက်အပေါ်လုံးဝမူတည်ပြီးဆုံးဖြတ်မည်ဖြစ်သည်။

## ဆက်လက်မေးသောမေးခွန်းများ

၂၀၁၄ခုနှစ်မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူခြင်း၏ရလဒ်ဘယ်လိုရှိသလဲ။

သတင်းမီဒီယာများ၏ဖော်ပြထားချက်အရသန်းခေါင်စာရင်းကောက်ယူခြင်းရလဒ်ကိုဩဂုတ်လအတွင်း၌ဖော်ပြမည်ဖြစ်သည်။ကျေးဇူးပြု၍ထိုင်း-မြန်မာနယ်စပ်ဖြတ်သန်းသောအင်တာနက်လိုင်း၏သတင်းမွမ်းမံခြင်းကိုစူးစမ်းကြည့်ပါ။ www.commonservice.info

(MFLF)အဖွဲ့အစည်း၏မေးခွန်းများသည်လူသစ်နှင့်လူဟောင်းအတွက်ဘာကြောင့်မတူပါသလဲ။

ကျွန်ုပ်တို့မည်သည့်အချိန်၌အဖြေရလဒ်ရနိုင်မလဲ။

လူသစ်အတွက်သော်ၤင်း၊လူဟောင်းအတွက်သော်ၤင်းဒုက္ခသည်များအားလုံးအတွက်တစ်ခုတည်းသောမေးခွန်းလွှာဖြစ်သည်။မေးခွန်းလွှာအတူတူပင်ဖြစ်သည်၊မထူးခြားပါ။စစ်တမ်းကောက်ယူခြင်းအတွက်ခွဲခြားထားခြင်းမရှိပါ။စစ်တမ်းကောက်ယူခြင်း၏ရလဒ်များကို(KRC)သို့ၤင်း၊(KnRC)သို့ၤင်း၊စခန်း(၉)ခုလုံးရှိစခန်းကော်မတီများကိုၤင်းဝေငှခဲ့ပြီးဖြစ်သည်။

စိစစ်ပြီးသောအလုံးစုံအချက်အလက်များနှင့်နောက်ဆုံးအစီရင်ခံစာကိုဒုက္ခသည်များဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံးမှကိုယ်စားလှယ်လုပ်ငန်းများနှင့်ဒုက္ခသည်များအားရေရှည်တည်တံ့ခိုင်မြဲရေးနည်းလမ်းရှာဖွေပေးသည့်အဖွဲ့အစည်းများ၊ထိုင်းနှင့်မြန်မာအစိုးရအပါအဝင်၊ဒုက္ခသည်ကော်မတီများ၊(NGOs)များ၊(CBOs)များနှင့်အလှူရှင်များသို့ပေးပို့ရန်အဆင်သင့်ပြုလုပ်ပေးမည်ဖြစ်သည်။

**Contacts:**
UNHCR Thailand, Information Management Unit imumaesot@unhcr.org - Tel: (66) 55 534 840

**Links:**
Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice